# ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်

ထုတ်ဝေချက် ၁၇ – အောက်တိုဘာ ၂၀၁၂

*ဤရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်တွင် ထိုင်းနိုင်ငံအတွင်းရွှေ့ပြောင်းနေထိုင်မှုနှင့် စည်းမျဉ်းများဆိုင်ရာ နောက်ဆုံးရအချက်အလက်များအပါအဝင် လူကုန်ကူးခြင်းခံရသူများနှင့် ပတ်သက်သောသတင်း အချက်အလက်များ၊ ငါးဖမ်းလုပ်ငန်းတွင် လုပ်ကိုင်နေကြသောအလုပ်သမားများ၊ ရွှေ့ပြောင်းလုပ်သားခေါ်ယူရေးအစီအစဉ်သစ် အဆိုပြုချက်တစ်ခုနှင့် ပုံမှန်မဟုတ်သောရွှေ့ပြောင်းနေထိုင်မှုများ တိုက်ဖျက်ရေးနည်းဗျူဟာတစ်ခုချမှတ်ခြင်း စသည်တို့ ပါဝင်သည်။*

## ၁။ လူကုန်ကူးခြင်းခံရသူများအား အထောက်အကူပစ္စည်းများ ထောက်ပံ့ခြင်း၊ ဆေးဝါးကုသခြင်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့တစ်ခုဖွဲ့စည်းခြင်း

ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာန (Ministry of Public Health - MOPH) မှ ၂၀၁၂ ခုနှစ် ဇွန်လ ၅ရက်နေ့စွဲပါ ထုတ်ပြန်ချက်အမှတ် ၈၄၁/၂၅၅၅ အရ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် လူကုန်ကူးခြင်းခံရသူများအား အထောက်အကူပစ္စည်းများထောက်ပံ့ခြင်း၊ ဆေးဝါးကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့တစ်ခု တည်ထောင်ပေးခဲ့သည်။ ထိုအဖွဲ့သည် လစဉ်တွေ့ဆုံမှုများ ပြုလုပ်သွားပြီး ထိုင်းနိုင်ငံအတွင်းရှိ ခရိုင်များတွင်ဖွဲ့စည်းထားသော 'အကျပ်အတည်းများအား တစ်နေရာတည်းတွင် ဖြေရှင်းပေးသွားမည့်ဌာနများ (One Stop Crisis Centers – OSCCs)' နှင့် အနီးကပ်ပူးတွဲ ဆောင်ရွက်သွားမည် ဖြစ်သည်။ ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနမှ အမြဲတမ်းလက်ထောက်အတွင်းဝန်သည် ကျန်းမာရေးဦးစီးမှူးချုပ်၏ ကြီးကြပ်မှုဖြင့် ဖွဲ့စည်းထားသော လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့၏ အကြံပေးအရာရှိအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်။ လုံခြုံရေးနှင့်လူမှုဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနနှင့် ခရိုင်များစွာရှိ ဆေးရုံများမှ စသည်တို့မှ ကိုယ်စားလှယ်များသည်လည်း ထိုလုပ်ငန်းဆောင်ရွက်ရေးအဖွဲ့၏ အဖွဲ့ဝင်များအဖြစ် ပါဝင်သည်။

လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့၏ တာဝန်များတွင် အောက်ပါအချက်များ ပါဝင်သည် –

- လူကုန်ကူးခြင်းခံရသူများအား အထောက်အပံ့ပစ္စည်းများပေးဝေရေး၊ ဆေးဝါးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အပါအဝင် OSCCs များနှင့် ပူးတွဲဆောင်ရွက်ရေးလက်စွဲစာအုပ်ထုတ်ဝေရေး
- လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ကိုင်နေသော OSCC ဌာနဝင်များအား လက်စွဲစာအုပ်ပါအချက်များကို သင်တန်းပို့ချပေးသွားရန်၊

- OSCC ဌာနများတွင် ဝန်ဆောင်မှုရယူနေသော လူကုန်ကူးခြင်းခံရသူများအတွက် ဝန်ဆောင်မှုများ တိုးချဲ့လုပ်ဆောင်နိုင်ရေးအတွက် သတင်းပို့စနစ် တည်ဆောက်ရန်၊
- လက်စွဲစာအုပ်အရ အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သုံးသပ်လေ့လာခြင်း၊
- အကောင်အထည်ဖော်ဆောင်ရွက်မှုရလာဒ်များအား အစီရင်ခံတင်ပြရန်နှင့်
- အခြားသောညှိနှိုင်းသဘောတူထားသည့်ဆောင်ရွက်ချက်များ ပါဝင်သည်။

**၂။ ရှေ့ပြေးအဖြစ် ခရိုင် (၇)ခုတွင် ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် ပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနများ တည်ထောင်ခြင်း– လုံခြုံရေးနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်မှု**

သမဝါယမနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး၏ကြီးကြပ်မှုဖြင့်ပြုလုပ်သည့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရာ ဒေသများ အတွင်းရှိ ပြဿနာများ၊ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်သော ဆပ်ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ ရေလုပ်ငန်းဌာနမှ အထွေထွေအုပ်ချုပ်မှုဒါရိုက်တာသည် ရေလုပ်ငန်းအတွင်း လုပ်ကိုင်နေကြသော အလုပ်သမားများ အရေးနှင့်ပတ်သက်ပြီး ၄င်း၏အထူးအာရုံစိုက်အလေးထားမှုကိုထုတ်ဖော်ပြသခဲ့သည်။ ငါးဖမ်းလုပ်ငန်းအတွင်း လူကုန်ကူးခြင်းဆိုင်ရာပြဿနာများကို သမဝါယမနှင့်စိုက်ပျိုးရေးဝန်ကြီးဌာန၊ လူမှုဖွံ့ဖြိုးရေးနှင့် လုံခြုံရေးဝန်ကြီးဌာန၊ ကိုယ်ပိုင်လုပ်ကွက်ဒေသများနှင့် အန်ဂျီအိုများ (NGO) ကဲ့သို့သော သက်ဆိုင်ရာအဖွဲ့အစည်းများက ဆွေးနွေး ခဲ့ကြသည်။ ထိုင်းနိုင်ငံအစိုးရအနေဖြင့်လည်း လူကုန်ကူးမှုပပျောက်ရေးနှင့် ကာကွယ်တားဆီးခြင်းဆိုင်ရာ နိုင်ငံတော် ကော်မတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်လျှက်ရှိသည်။ သမဝါယမနှင့်စိုက်ပျိုးရေး ဝန်ကြီးဌာနမှ လူကုန်ကူးခြင်းပြဿနာ ဖြေရှင်းရန်နှင့် အတိုင်းအတာတစ်ခုအထိ တားဆီးလျှော့ချနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်တစ်ခု အဆိုပြုတင်ပြထားပြီး ဖြစ်သည်။ ထိုစီမံချက်ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(ILO) နှင့် အခြား သက်ဆိုင်သည့်အဖွဲ့အစည်းများ ပါဝင်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။ ILOသည် အလုပ်သမားကာကွယ်ရေး နှင့် ထောက်ပံ့ရေးဌာန၊ အခြားသောအစိုးရဝန်ကြီးဌာနများ၊ ထိုင်းနိုင်ငံငါးဖမ်းလုပ်ငန်း အသင်းနှင့်အတူ လက်တွဲ၍ ငါးဖမ်းလုပ်ငန်းအတွင်း လုပ်သားသစ်စုဆောင်းခြင်း၊ အလုပ်အကိုင်ရရှိနိုင်မှုနှင့် လုပ်ငန်းခွင်အခြေအနေများအတွက် လက်တွေ့ဆောင်ရွက်ရန် လမ်းညွှန်ပေးမှုများကို ဆောင်ရွက်လျှက်ရှိသည်။

ထို့အပြင် ရေလုပ်ငန်းဌာနအထွေထွေအုပ်ချုပ်မှုဒါရိုက်တာမှ ရေလုပ်သားများအတွက် ပူးပေါင်းဆောင်ရွက်ရေးဌာန (၇)ခုကို ခရိုင် (၇)ခုတွင် ရှေ့ပြေးအဖြစ်ဖွဲ့စည်းရန် ရှင်းလင်းပြခဲ့သည်။ ဆမုဆခွန်၊ ရရောင်း၊ ထရက်၊ ချွန်ဖွန်၊ ဆုန်ခလာ၊ ရနောင်းနှင့် ဆထွန်ဒေသများတွင် ပုံမှန်လုပ်ကိုင်ခွင့်ရသော ရေလုပ်သားများအား ငါးဖမ်းလှေများပေါ်တွင် သာ အလုပ်လုပ်ကိုင်နိုင်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

လက်ရှိအခြေအနေတွင် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာနဝန်ကြီးသည် ငါးဖမ်းလုပ်ငန်းအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရန် သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် အနီးကပ်ဆက်လက်၍ ဆောင်ရွက်သွားရန် အစိုးရအဖွဲ့မှ ခွင့်ပြုချက်ကို စောင့်ဆိုင်း နေဆဲဖြစ်သည်။

## ၃။ အစိုးရအကြားသဘောတူညီချက်များအရ ထိုင်းနိုင်ငံအတွင်းသို့အလုပ်သမားများခေါ်ယူနိုင်

အလုပ်သမားဝန်ကြီးဌာန၏ အလုပ်အကိုင်စီမံခန့်ခွဲရေးဌာန ညွှန်ကြားရေးမှူး ပရာဗစ်ခိန်းဖွန်း (Pravit Khiengpol) မှသတင်းထောက်များအား ပြောကြားရာတွင် အစိုးရအချင်းချင်း ညှိနှိုင်း၍ အလုပ်သမားခေါ်ယူမှုသည် အချိန်နှင့် ငွေကုန်ကြေးကျသက်သာစေပြီး ခေါ်ယူမည့် အလုပ်သမားအရေအတွက်သည် ပြည်တွင်းရှိ လုပ်ငန်းများ၏ အလုပ်သမား လိုအပ်ချက်အပေါ်အခြေခံပြီး စဉ်းစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံငါးဖမ်းလုပ်ငန်းအသင်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အလုပ်သမား ၅၀,၀၀၀ ခန့် ခေါ်ယူ နိုင်ရန် တရားဝင်ခွင့်ပြုချက် တောင်းခံထားပြီး ဖြစ်သည်။ ထိုကိစ္စအတွက် ထိုင်းနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံရုံးတို့အကြား ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေဆဲဖြစ်သည်။

## ၄။ ပုံမှန်မဟုတ်သောရွှေ့ပြောင်းဝင်ရောက်မှုအပေါ် ပြည့်စုံကျယ်ပြန့်သော နည်းဗျူဟာချမှတ် တားဆီးမည့် နိုင်ငံတော်လုံခြုံရေးကောင်စီ၏ ကြေငြာချက်

နိုင်ငံတော်လုံခြုံရေးကောင်စီမှ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းဝင်ရောက်သူများနှင့် ပတ်သက်သော ပြဿနာများဖြေရှင်းရန် ပြည့်စုံကျယ်ပြန့်သော နည်းဗျူဟာသစ်တစ်ရပ် ချမှတ်ကြေငြာခဲ့သည်။ ထိုနည်းဗျူဟာသည် အုပ်စု (၄)စုအပေါ်တွင် အဓိက ဦးတည်ထားသည်–

- အရေအတွက် ၆၈၀,၀၀၀ ခန့်ရှိ ကာလရှည်ကြာနေထိုင်သောအုပ်စု၊ အဓိကအားဖြင့် တိုင်းရင်းသား လူနည်းစုအဖွဲ့များ၊ နိုင်ငံမဲ့အခြေအနေဆိုက်ရောက်နေရသော ရွှေ့ပြောင်းဝင်ရောက်လာသူများ၊
- အရေအတွက် ၂ သန်းခန့်ရှိသော မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံသား တရားမဝင် ရွှေ့ပြောင်း လုပ်သားများ၊
- အရေအတွက် ၁၀၀,၀၀၀ ခန့်ရှိ နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်နိုင်ဖွယ်ရာရှိသည့် မြန်မာပြည်မှ စစ်ပြေး ဒုက္ခသည်များ၊ မြောက်ကိုးရီးယားနိုင်ငံသားများနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ မြန်မာ–မူဆလင်များ၊
- နောက်ဆုံးအုပ်စုအနေဖြင့် တရားဝင်နေထိုင်ခွင့်ကုန်ဆုံးပြီးသောသူများ (သို့မဟုတ်) ဝင်ရောက်နေထိုင်ခွင့် ထောက်ခံချက်အတုပြုလုပ်ထားသူများ ဟူ၍ ဖြစ်သည်။

ဦးတည်ထားသည့်အုပ်စု (၄)ခုစလုံးအတွက် အသေးစိတ် အရေးယူဆောင်ရွက်သွားနိုင်ရန် ညွှန်ကြားထားသည်။

ဒုတိယအချက်အနေဖြင့် လူမှောင်ခိုတင်သွင်းမှုတားဆီးရေး နည်းဗျူဟာများကို ဆွေးနွေးထားသည်။ ထိုနည်းဗျူဟာသည် အေဂျင်စီအဖွဲ့အစည်းများအကြား အချက်အလက် မျှဝေမှုနှင့် သတင်းအချက်အလက်ရယူမှုစနစ်တို့ကို အသုံးပြုပြီး အိမ်နီးချင်းနိုင်ငံများမှ တရားမဝင် ဝင်ရောက်လာနေသူများကို တားဆီးသွားမည်။ ထို့အပြင် ယင်းနည်းဗျူဟာက လူမှောင်ခိုကူးမှုနှင့် အခြားသောတရားမဝင် နယ်စပ်ဖြတ်ကျော်မှုများကို တားဆီးရန် RTG နှင့် ပူးတွဲဆောင်ရွက်နိုင်ရန် ကမ်းခြေစောင့်တပ်ဖွဲ့နှင့် နယ်စပ်ဒေသတစ်လျှောက် ခိုင်မာတောင့်တင်းသော လူ့အသိုင်းအဝန်းတစ်ခုပေါ်ပေါက်လာစေရန် အထောက်အကူပြုစေလိမ့်မည်။ နောက်ဆုံးအနေဖြင့် ထိုနည်းဗျူဟာသည် မှောင်ခိုတင်သွင်းမှုများနှင့် တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများကို ကိုင်တွယ်အရေးယူနိုင်စေရန် အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအသင်းအဖွဲ့များ၊ အာဆီယံနှင့်

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများအကြား ပိုမိုတိုးတက် ကောင်းမွန်သည့် ပူးတွဲလုပ်ကိုင်နိုင်ရေး အစီအမံများကို အဆင့်တိုးမြှင့်ရန် အထောက်အကူပြုသွားနိုင်မည် ဖြစ်သည်။

**<u>စာရင်းဇယားများ</u>**

ဇယား ၁.၁– *၂၀၁၂ ခုနှစ်ဩဂုတ်လအထိ MOU ဖြင့်ခေါ်ယူထားသည့် ရွှေ့ပြောင်းလုပ်သား ရောက်ရှိမှုစာရင်း*

| နိုင်ငံသား | လက်ရှိအလုပ်လုပ်ကိုင်ခွင့်နှင့်နိုင်ငံကူးလက်မှတ်ရရှိထားပြီး ရွှေ့ပြောင်းလုပ်သား အရေအတွက် |
|---|---|
| ကမ္ဘောဒီးယား | ၇၁,၅၄၈ |
| လာအို (ပီဒီအာရ်) | ၁၇,၄၀၇ |
| မြန်မာ/ဗမာ | ၃၃,၈၉၅ |
| **စုစုပေါင်း** | **၁၂၂,၈၅၀** |

*ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှရယူထားခြင်း ဖြစ်ပါသည်။*
*http://wp.doe.go.th/monthly-statistics*

ဇယား ၁.၂– *၂၀၁၂ ခုနှစ်ဩဂုတ်လအထိ နိုင်/စစ်လုပ်ငန်းစဉ်ဆောင်ရွက်ပြီးစီးသည့် ရွှေ့ပြောင်းလုပ်သားစာရင်း*

| နိုင်ငံသား | လက်ရှိအလုပ်လုပ်ကိုင်ခွင့်နှင့်နိုင်/စစ်လုပ်ငန်းစဉ်ပြီးစီးသည့် ရွှေ့ပြောင်းလုပ်သား အရေအတွက် |
|---|---|
| ကမ္ဘောဒီးယား | ၇၄,၆၁၂ |
| လာအို (ပီဒီအာရ်) | ၄၅,၃၇၁ |
| မြန်မာ/ဗမာ | ၆၂၃,၅၅၅ |
| **စုစုပေါင်း** | **၇၄၃,၅၃၈** |

*ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှရယူထားခြင်း ဖြစ်ပါသည်။*
*http://wp.doe.go.th/monthly-statistics*

**မှတ်ချက်!**
ရွှေ့ပြောင်းလုပ်သားများသည် အလုပ်လုပ်ကိုင်ခွင့်သက်တမ်းတိုးနေဆဲဖြစ်သောကြောင့် အလုပ်သမားဝန်ကြီးဌာနသည် ယာယီအလုပ်လုပ်ကိုင်ခွင့်ရ ရွှေ့ပြောင်းလုပ်သားအရေအတွက်စုစုပေါင်းဇယား(၁.၂)ကို နောက်ဆုံးအတည်မပြုရသေးပါ။ ၎င်းစာရင်းများကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဖော်ပြပေးနိုင်မည်ဟု မျှော်မှန်းရပါသည်။

---

*ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းလုပ်သား အစီအစဉ်၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးမှ ထုတ်ဝေပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း– ၀၂-၃၄၃၉၃၀၀, fax (ဖက်စ်)– ၀၂-၃၄၃၉၃၉၉, or e-mail: migrantnews@iom.int သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။*
*ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို အောက်ပါ အင်တာနက်လိပ်စာတွင် ဖတ်ရှုနိုင်ပါသည်။*
http://th.iom.int/index.php/component/remository/facilitating-migration/migration-information-notes/